
m ဖိတ်ကူးချိုချိုအနုပညာ

# တွေးမှ ရယ်ရ ဉာဏ်ဟာသ

ရဲဝိုင်း


mgyoe.com



**မှားပေလို့သာပဲ**

ယောက်ျားက သူ့ဇနီးကို ပြောလိုက်သည်။

"ဒီလောက်စကားများတဲ့မိန်းမ ဒီတစ်ခါ ဖုန်းဆက်တာ ဆယ့်ငါးမိနစ်ပဲ ကြာပါလား"

"ဖုန်းနံပါတ် မှားသွားလို့ရှင့်"

**ဝမ်းသာလွန်းလို့**

မျက်နှာတစ်ပြင်လုံး ညစ်ပတ်ပေရေနေသူတစ်ဦးကို မေးလိုက်သည်။

"မျက်နှာက ဘာဖြစ်တာလဲ"

"မီးရထားစက်ခေါင်းကို ဖက်နမ်းလိုက်လို့ပါ"

"နမ်းစရာရှားလို့၊ မင်း ရူးနေတာလား"

"မရူးပါဘူး။ ယောက္ခမကြီးကို အဲဒီရထားနဲ့ ပို့ပေးလိုက်လို့လေ"

**သူ မသိစေနဲ့**

လူတစ်ယောက်သည် သူ့ခွေးကို စိတ်ဆိုးသဖြင့် အစာမကျွေးရန် ဆုံးဖြတ်ထားသည်။ သို့သော် ည ဆယ်နာရီခန့်တွင် ခွေးက တအီအီအသံပြုရာ သနားလာသောကြောင့် သူ့ဇနီးကို အစာသွားကျွေးခိုင်းလိုက်သည်။

"မိန်းမရေ၊ ဂျက်ကီကို အစာသွားကျွေးလိုက်ကွာ၊

ငါ ကျွေးခိုင်းတယ်ဆိုတာ သူ မသိစေနဲ့"

**အပေါ်မတက်ရသေးဘူး**

လေယာဉ်ပေါ်တွင် ခရီးသည်တစ်ဦးက ပြောလိုက်သည်။

"ကြည့်စမ်း၊ အောက်ကလူတွေဟာ ပုရွက်ဆိတ်တွေ ကျနေတာပဲ၊ တကယ့်သေးသေးလေးတွေ"

"အဲဒါ တကယ့်ပုရွက်ဆိတ်တွေပါ၊ ကျွန်တော်တို့ လေယာဉ်က မတက်သေးပါဘူး"

YST0032

900.00 KS

mgyoe.com

mgyoe.com

တွေးမှ ရယ်ရ ဤဟာသ၊ ရဲစတိုင်း
စာမျက်နှာ ၁၃၈ မျက်နှာ၊ ၁၀ • ၂ စင်တီ× ၁၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၉၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တွေးမှ ရယ်ရ ဉာဏ်ဟာသ

ရဲစတိုင်း

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## ငါးစာသွားလဲတာ

လူနှစ်ယောက် မြစ်ဆိပ်တွင် ငါးထိုင်မျှားနေရင်း တစ်ယောက် ရေထဲ ဆင်းငုပ်သွားသည်။ အတော်ကြာမှ ထိုသူ ပြန်ပေါ်လာသည်။

"မင်း ရေငုပ်တာ အကြာကြီးပဲ၊ ဘာဖြစ်လို့တုံး"

"ငါးမမိလို့ ငါးစာသွားလဲတာပါ"

❖

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



## ကော်တရာ

"မင်း အစ်ကိုဆီက စာလာတယ်ဆို"

"ဟုတ်တယ်။ သူ နိုင်ငံခြားထွက်သွားတာ ဆယ်နှစ်ကျော်ပြီ။ မနေ့ကမှ စာတစ်စောင် ရောက်လာတယ်"

"ဘာတဲ့လဲ၊ သူ ဟိုမှာ အဆင်ပြေသတဲ့လား"

"မသိဘူး။ တံဆိပ်ခေါင်းမကပ်ဘဲ စာထည့်လိုက်တာဆိုတော့ ကျသင့် တန်ဖိုး ပေးမရွေးချင်လို့ လက်မခံလိုက်ဘူး"

❖

mgyoe.com

mgyoe.com



## နည်းလမ်းနှစ်သွယ်

အိမ်က ရေပိုက်ခေါင်းမှာ ရေတစက်စက် ကျနေတာ၊ ဘယ်လိုလုပ်ရမလဲ မသိဘူး"

"နည်းလမ်းနှစ်ခုရှိတယ်"

"ဆိုစမ်းပါဦး"

"ပိုက်ပြင်ဆရာ ခေါ်ပြင်ခိုင်းလိုက်၊ သို့မဟုတ် နားထဲဂွမ်းဆို့ထားလိုက်"

❖

mgyoe.com

mgyoe.com





## ဖြစ်မှမဖြစ်သေးတာ

ကျွန်တော်က တစ်ခုခုစားပြီးရင် ဘီယာသောက်တယ်။ သွေးအားနည်းနေရင် ဝိုင်နီသောက်တယ်။ ဖျားချင်သလိုလိုဖြစ်ရင်တော့ ဝီစကီ သောက်တယ်"

"ဒါဆို ရေကို ဘယ်အချိန်သောက်လဲ"

"ဟင့်အင်း ရေသောက်ရလောက်တဲ့ ရောဂါမှ မဖြစ်ဖူးသေးတာ"

❖

mgyoe.com

mgyoe.com



## ဘယ်သူက ရှာလို့တုံး

"မိန်းမရေ… မနေ့ည အိပ်မက်ထဲမှာ မင်းနဲ့ကိုယ်နဲ့ ဘန်ကောက်မြို့တော် ရောက်နေကြတယ်။ ညဈေးတန်းလျှောက်သွားရင်း မင်းဘယ်မှာ ကျန်ရစ်ခဲ့မှန်းမသိဘူး"

"နောက်ဆုံးတော့ ရှာတွေ့သွားတယ်မလား"

"ရှာတယ်လို့ ပြောမိပါဘူး"

❖

mgyoe.com

mgyoe.com





## ဘယ်လိုချက်ပေးရမလဲ

"မိန်းမရေ၊ ညစာကို ငါတို့အိမ်မှာ လာစားဖို့ သူငယ်ချင်းတချို့ကို ဖိတ်ခဲ့တယ်။ မင်း လက်စွမ်းပြပေးလိုက်ပါဦး"

"ဘယ်လိုချက်ပေးရမလဲ ပြော၊ နောက်မကြာမကြာ အလည်လာအောင် ချက်ရမလား၊ တစ်ခါတည်း ဆလံတိုက်သွားအောင် ချက်ရမလား"

❖

mgyoe.com

mgyoe.com



## မေ့ခဲ့ပြန်ပြီလား

"ရှော့ ပိုက်ဆံ၊ ပေါင်မုန့်နဲ့ နွားနို့ဝယ်ခဲ့၊ မမေ့စေနဲ့ နော်။ ငါမှာတာ နှစ်မျိုး"

မကြာမီ လက်ထဲတွင် သွားပွတ်တံကိုင်ပြီး ထိုသူပြန်ရောက်လာသည်။

"ဟောကြည့်... တစ်ခုမေ့ခဲ့ပြန်ပြီမဟုတ်လား။ ငါမှာလိုက်တာ နှစ်မျိုးလေ။ ဘယ်မလဲ သွားတိုက်ဆေးဘူး"

❖

mgyoe.com

mgyoe.com



## ဆေးမရှိရင်

"ဒီဆေးစာကိုယူသွား၊ ဆေးဆိုင်မှာ ဝယ်ပါ၊ မနက်တစ်လုံး ညတစ်လုံးသောက်ပါ"

"ဆိုင်မှာ ဒီဆေးမရှိရင် ဘယ်လိုလုပ်ရမလဲ ဆရာ"

"တံခါးလုံအောင်ပိတ်ပြီး အခန်းအောင်းနေပါ၊ ဘာပိုးမှ မဝင်ပါစေနဲ့"

❖

mgyoe.com

mgyoe.com



## အချိန်ပဲ ပေးစရာရှိတယ်

"ကျွန်တော့်ကို ပိုက်ဆံတစ်သိန်းချေးပါ။ သုံးလလောက်နေရင် ပြန်ဆပ်ပါ့မယ်"

"အင်း သုံးလမဟုတ်ဘူး။ ခြောက်လလည်းရပါတယ်။ ခက်တာက ခင်ဗျားကို ချေးစရာ ပိုက်ဆံမရှိတာပဲ"

❖

mgyoe.com

mgyoe.com



# မျက်စိမှုန်ကုန်ကြပြီ

ဘေးခန်းက အဒေါ်ကြီး အိမ်လာလည်သဖြင့် ကလေးငယ်က တံခါးဖွင့်ပေးလိုက်သည်။

“သားသား လူကြီးတွေ မရှိကြဘူးလားကွဲ့”

“ရှိပါတယ်။ အခန်းထဲမှာပါ”

“နေမကောင်းကြလို့များလား”

“မဟုတ်ဘူး။ နေကောင်းကြပါတယ်။ မကောင်းတာက မျက်စိဖြစ်မယ်”

“မျက်စိ ဘာဖြစ်ကြလို့တုံး သားသား”

“မှုန်ကုန်ကြတာ။ ခုနက ဒေါ်ဒေါ်ဖုန်းဆက်တော့ ဒီမိန်းမကြီးကို ငါကြည့်မရဘူးလို့ ဖေဖေက ပြောတယ်။ မေမေကလည်း ကျွန်မက ပိုတောင်ကြည့်မရဘူးလို့ ပြောနေသံကြားရတယ်ဗျ”

❖

mgyoe.com

mgyoe.com






## အနားယူချိန်

“နေ့ခင်းပိုင်း ဘယ်အချိန် မင်းအနားယူလေ့ရှိလဲ”

“နေ့လယ်စာစားပြီးတာနဲ့ ငါ့မိန်းမက အိပ်တယ်လေ”

“ငါမေးတာ မင်း အနားယူချိန်ကို ပြောတာ”

“သူ အိပ်နေတဲ့အချိန် ငါ အနားရတယ်လေ”

❖

mgyoe.com

mgyoe.com



## သူ မစားလို့

"ခင်ဗျားယောက္ခမ ဘာဖြစ်လို့ သေရတာလဲ"
"အဆိပ်ရှိတဲ့မှို စားမိလို့"
"သူ့လည်ပင်းက ဘာလို့ ညိုမည်းနေရတာလဲ"
"မစားချင်ဘူး ငြင်းနေလို့"

❖

mgyoe.com

mgyoe.com





## ဝမ်းသာလွန်းလို့

မျက်နှာတစ်ပြင်လုံး ညစ်ပတ် ပေရေနေသူတစ်ဦးကို မေးလိုက်သည်။

"မျက်နှာက ဘာဖြစ်တာလဲ"

"မီးရထားစက်ခေါင်းကို ဖက်နမ်းလိုက်လို့ပါ"

"နမ်းစရာရှားလို့၊ မင်း ရူးနေတာလား"

"မရူးပါဘူး။ ယောက္ခမကြီးကို အဲဒီရထားနဲ့ ပို့ပေးလိုက်လို့လေ"

❖

mgyoe.com

mgyoe.com



## အမြီးနောက်ကျတယ်

ဆိုဖာပေါ်တွင်ထိုင်နေသည့် ယောက္ခမက ရေထသောက်သည်။ ထိုစဉ် ယောက္ခမခေါင်းပေါ်တည့်တည့်ရှိ တိုင်ကပ်နာရီကြီးက ပြုတ်ကျလာသည်။

"ကတောက်စ်... အတော်အသုံးမကျတဲ့နာရီပဲ၊ အခုလည်း နောက်ကျပြန်ပြီ"

❖

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



## ဘယ်သူခေါ်လာတာလဲ

သမက်နေအိမ်သို့ ယောက္ခမကြီး ရောက်လာသည်။ မြေးဖြစ်သူက တံခါးကို ဖွင့်ပေးရင်း မေးလိုက်သည်။

"အဘွားကို ဘယ်သူခေါ်လာတာလဲဟင်"

"ဘယ်သူမှ ခေါ်မလာပါဘူး မြေးရယ်။ အဘွားကိုယ့်ဘာသာ လာတာပါ၊ ဘာဖြစ်လို့လဲ"

"ခုနက ဖေဖေ ပြတင်းပေါက်ကကြည့်ပြီး ဒီအဘွားကြီးကို ငရဲမင်းက ခေါ်လာပြန်ပြီ ပြောနေလို့၊ ငရဲမင်းပါသေးလားလို့"

❖

mgyoe.com

mgyoe.com



## အရှက်ကြီးသူ

“မေမေ၊ ဖေဖေဟာ အရမ်းအရှက်ကြီးသူဆို”

“သိပ်ဟုတ်တာပေါ့ သားရယ်၊ သူသာမရှက်ရင် သားအသက်က အခုထက် ၆ နှစ်လောက် ပိုကြီးနေလိမ့်မယ်ကွဲ့”

❖

mgyoe.com

mgyoe.com



## ဘယ်သူပြောသလဲ

"ရုပ်ချော သဘောကောင်းရုံတင် မဟုတ်ဘူး။ အိမ်မှုကိစ္စနိုင်နင်းတဲ့ ဇနီးကောင်းတစ်ယောက်နဲ့ မင်း လက်ထပ်လိုက်တယ်ဆိုကွ"

"မင်းကို ဘယ်သူပြောသလဲ"

"မင်းမိန်းမ ပြောတာ"

❖

mgyoe.com

mgyoe.com



## ခဏာမေ့ထားပါ

တရားသူကြီးက သက်သေကို ပြောလိုက်သည်။

“ခင်ဗျားဟာ နိုင်ငံတော်စာရင်းအင်းဌာနက ဝန်ထမ်းဆိုတာ ခဏာမေ့ထားပြီး ရုံးတော်မှာ အမှန်အတိုင်းထွက်ဆိုပါ”

❖

mgyoe.com

mgyoe.com



## ကိုယ်တစ်ပိုင်းဓာတ်ပုံ

လူတစ်ယောက် ကျင်းတူးနေသဖြင့် မေးလိုက်သည်။

"ဘာအတွက် ကျင်းတူးနေတာလဲ"

"ကိုယ်တစ်ပိုင်းဓာတ်ပုံ ရိုက်မလို့လေ"

❖

mgyoe.com

mgyoe.com



## လမ်းညွှန်

"ဒီအနီးအနားမှာ အရက်ဆိုင်ရှိလားဗျ"

"ဒီနေ့ ဘာနေ့လဲ"

"တနင်္လာနေ့"

"ဒီအတိုင်းတည့်တည့်သွား၊ ဗုဒ္ဓဟူးနေ့ ရောက်ရင် ညာဘက်ချိုးလိုက်"

❖

mgyoe.com

mgyoe.com



## လူစကား နားမလည်တဲ့ကောင်

"ကမ္ဘာပေါ်မှာ ဘယ်လိုကောင်စားက လူ့စကား နားမလည်ဆုံးလဲ"

"ဂျပန်"

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်အိမ်ဘေးခန်းမှာနေတဲ့ ဂျပန်ကောင်က ကျွန်တော် အပြင်သွားပြီဆို အိမ်ကို အမြဲလာလာနေတာ၊ မလာပါနဲ့ပြောလည်း လာနေတာပဲ၊ ဒီကောင် လူ့စကား နားမလည်တဲ့ကောင်"

❖

mgyoe.com

mgyoe.com





## ဆီကုန်တာဖြစ်မယ်

ရဟတ်ယာဉ်တစ်စီး တောတန်းပေါ် ဖြတ်ပျံစဉ် လူတစ်စုတွေ့ရသဖြင့် ခေတ္တလေထဲ ရပ်တန့်ရင်း ကြည့်နေသည်။ အောက်ကလူနှစ်ယောက်က မော့ကြည့်ပြီး ထင်မြင်ချက်ပေးလိုက်သည်။

"ဒီကောင် စက်ပျက်တာများလား"

"မဖြစ်နိုင်ဘူး။ စက်ပျက်ရင် အောက်ကိုကျလာမှာပေါ့။ ဆီကုန်တာပဲဖြစ်မယ်"

❖

mgyoe.com

mgyoe.com



## သမ္မတလေယာဉ်

လေယာဉ်တစ်စီးကောင်းကင်မှာ တွေ့ရသဖြင့် တောသားနှစ်ယောက်က မော့ကြည့်ရင်း ပြောလိုက်သည်။

"သမ္မတစီးတဲ့ လေယာဉ်ပျံဖြစ်မယ်"

"မဟုတ်ဘူးကွ၊ သမ္မတစီးတာဆိုရင် ရှေ့မှာ မော်တော်ဆိုင်ကယ် ၄ စီး ပျံရမယ်လေ"

❖

mgyoe.com

mgyoe.com



## ဒါက နွေးလို့ပါ

"ဟော့ကောင် ဆောင်းတွင်းကြီးမှာ ရေခဲသေတ္တာ ဘာလို့ဝယ်လာတာတုံး"


"အပြင်မှာအေးတာက အနုတ် ၄၀ ဒီဂရီ၊ ရေခဲသေတ္တာထဲမှာက အနုတ် ၅ ဒီဂရီပဲရှိတာ။ ဒါကြောင့် သိပ်အေးလာရင် ရေခဲသေတ္တာထဲ ဝင်နေမလို့"

❖

mgyoe.com

mgyoe.com






## သူ မသိစေနဲ့

လူတစ်ယောက်သည် သူ့ခွေးကို စိတ်ဆိုးသဖြင့် အစာမကျွေးရန် ဆုံးဖြတ်ထားသည်။ သို့သော် ည ဆယ်နာရီခန့်တွင် ခွေးက တအီအီအသံပြုရာ သနား လာသောကြောင့် သူ့ဇနီးကို အစာသွားကျွေးခိုင်း လိုက်သည်။

"မိန်းမရေ၊ ဂျက်ကီကို အစာသွားကျွေးလိုက် ကွာ၊ ငါ ကျွေးခိုင်းတယ်ဆိုတာ သူ မသိစေနဲ့"

❖

mgyoe.com

mgyoe.com



## ငှယ်... ဘုရားရေ

ဆေးရုံလူနာဆောင်ထဲ ဝတ်စုံအဖြူနှင့် လူတစ်ယောက်ဝင်လာပြီး လူနာတစ်ယောက်ကို မေးလိုက်သည်။

"ခင်ဗျား အရပ်ဘယ်လောက်လဲ"

"ဒေါက်တာရယ်။ အရပ်က ဘာလုပ်ဖို့လဲ၊ ကျွန်တော်အခု ရင်ဘတ်ထဲ အရမ်းအောင့်နေတာ သက်သာအောင် လုပ်ပေးပါ၊ အသက်ရှူရတာ ခက်လာနေပြီ"

"ကျွန်တော်က ဆရာဝန်မဟုတ်ပါဘူး။ လက်သမားဆရာပါ"

❖

mgyoe.com

mgyoe.com



## မြင်သွားမှာစိုးလို့ပါ

ဆိုဗီယက်ခေါင်းဆောင် ကရူးယှက်က စက်ရုံလုပ်သားထုတို့ကို မိန့်ခွန်းခြွေနေသည်။

"ရဲဘော်တို့ ကျွန်တော်တို့ဟာ မကြာခင်မှာ အမေရိကားကို အမီလိုက်ရုံတင်မကဘူး။ ကျော်တက်သွားဖို့ပါ ပြင်ဆင်ထားပြီးပါပြီ"

"ခေါင်းဆောင်ကြီးခင်ဗျား၊ အမေရိကားကို အမီလိုက်ဖို့ ကျွန်တော်တို့ အားသွန်ခွန်စိုက် လုပ်ကြဖို့ သဘောတူပါတယ်။ ဒါပေမဲ့ ကျော်တက်ဖို့တော့ ကန့်ကွက်ရပါလိမ့်မယ်"

"ဘာဖြစ်လို့တုံး"


"ကျွန်တော်တို့ ဖင်ပြောင်နေတာ သူတို့မြင်သွားမှာ စိုးလို့ပါ"

❖

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



## အတော်တုံးတဲ့ကောင်

မျောက်တစ်ကောင်သည် မြစ်ဆိပ်တွင် ငှက်ပျောသီးအခွံကို ရေဆေးနေသည်။ မိကျောင်းရောက်လာပြီး စပ်စုလိုက်သည်။

"ဟေ့ မျောက် ဘာလုပ်နေတာလဲ"

"ဟင့်အင်း မပြောဘူး။ တစ်ကျပ်ပေးရင် ပြောမယ်"

"ရော့ကွာ၊ ပေးပြီ။ ပြောပြ"

"ငှက်ပျောသီးခွံကို ရေဆေးနေတာလေ၊ မင်းမမြင်ဘူးလား"

"မင်းကွာ၊ အတော်အဓိပ္ပာယ်မရှိတာကို လုပ်တာပဲ၊ ငတုံးကောင်"

"အေး...ငါ ငတုံးဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ တစ်နေ့ကို ငွေသုံးဆယ်လောက်တော့ စီတယ်ကွ"

❖

mgyoe.com

mgyoe.com



## မသိဘူး မေမေ

"ကိတ်မုန့်ကို ဘယ်သူစားလိုက်တာလဲ"
"မသိဘူး မေမေ"
"နောက်ထပ်စားချင်သေးလား"
"ဟုတ်ကဲ့"

❖

mgyoe.com

mgyoe.com



## တောင်းဆိုချက်ကြောင့်ပါ

“ညကမယ့်ပြဇာတ်မှာ ပထမဆုံးအခန်းမှာတင် ခင်ဗျား အသတ်ခံရမယ်”

“ဘာဖြစ်လို့လဲ၊ ပုံမှန်ကနေကျအတိုင်း ဇာတ်ကွက်တွေမှာ အသတ်ခံရတာ မပါဘူးလေ”

“မှန်ပါတယ်။ အခုက ပရိသတ်တွေ တောင်းဆိုကြလို့ပါ”

❖

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



## ခေါ်သံ

အာဖရိကကျေးရွာတစ်ခုတွင် ရွာသား တစ်ယောက်သည် ဗုံကို ခပ်ပြင်းပြင်း တီးနေသည်။ လူစိမ်းက မေးလိုက်သည်။

"ဘာဖြစ်လို့ဗုံတီးနေတာလဲ၊ ပွဲလမ်းသဘင်ရှိလို့လား"

"မဟုတ်ဘူး။ ရေမရှိတော့လို့ပါ"

"ဩော်... မိုးနတ်မင်းကို ဗုံတီးပြီး တိုင်တည်နေတာကိုး"

"ပေါက်ကရတွေဗျာ။ ဟိုဘက်ရွာက ရေစည်လှည်းတွန်းတဲ့ကောင်ကို ဗုံသံနဲ့ အချက်ပေးလှမ်းခေါ်နေတာဗျ"

❖

mgyoe.com